

## ၄။ အနီရောင်မွှား

**Tea red spider mite: *Oligonychus coffeae* (Nietner, 1861)**

**Acariformes :Tetranychidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**





အနီရင့်ရောင် နှင့် ဘဲဥပုံသဏ္ဍာန်ရှိသည့် သေးငယ်သော မွှားကောင်ဖြစ်သည်။

**ဖျက်ဆီးပုံလက္ခဏာများ**



အရွက်နှင့်ရိုးတံတစ်လျှောက်ပေါ်တွင် အဝါရောင်အစက်အပြောက်များ ဖြစ်စေသည်။ ဆိုးရွားစွာကျရောက်ပါက အရွက်တစ်ခုလုံး သံချေးရောင်နှင့် အရောင်မညီဖြစ်ကာ ကြွေကျစေသည်။ မွှားအုပ်စုလိုက်ကို အရွက်ရင့်များ၏ အပေါ်မျက်နှာပြင်တွင် တွေ့ရလေ့ရှိပြီး ဆိုးရွားစွာကျရောက်ပြီး ရာသီဥတုခြောက်သွေ့ပါက အရွက်မျက်နှာပြင် နှစ်ဘက်လုံးနှင့် အရွက်နုများပေါ်တွင်လည်း တွေ့နိုင်သည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥ အဆင့် | - ( ၃ ) ရက် |
| လောက်ကောင် အဆင့် | - ( ၁ ) ရက် |

ပိုးမမည်အဆင့် – (၈) ရက်

အကောင်ကြီး အဆင့် – ( ၁၁ ) ရက်

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

**(**၁) ခံနိုင်ရည်ရှိသောမျိုးများကို ရွေးချယ်စိုက်ပျိုးပါ။

(၂)ဆိုးရွားစွာကျရောက်ပါက ပင်ကြွင်း၊ ပင်ကျန်များကို သေချာစွာဖျက်ဆီးပါ။

(၃)တမာပိုးသတ်ဆေးအားကြိုတင်ပက်ဖျန်းပါ။

(၄) ထိသေ၊စားသေ (သို့) ပင်လုံးပြန့်အာနိသင်ရှိပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်းအတိုင်းပက်ဖျန်းပါ။

- ဒိုင်မီသိုအိတ် (Dimethoate)
- ဖစ်ပရိုနေး(Fipronil)
- ကာဘိုဆာလဖန်(Carbosufan)
- အဘာမတ်တင်(Abamectin)